# SAC–M ၏ စာတမ်းတိုအသစ် – မြန်မာ့စစ်တပ်–ငွေကြေး ဆက်နွယ်မှုအား ဖြတ်တောက်ခြင်း။ ရှောင်တာနယ်လ် ရေးသားသည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်။

*ဤစာတမ်းသည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် SAC-M မှထုတ်ဝေထားသော The Military, Money, and Myanmar: Breaking the Nexus စာတမ်း၏ မြန်မာဘာသာပြန်ဆိုချက်ဖြစ်သည်။*

မြန်မာနိုင်ငံ၏စီးပွားရေးအပေါ် မြန်မာစစ်တပ်၏ချုပ်ကိုင်နေမှုအား ချိုးဖျက်ရမည်ဟု မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးကောင်စီ (SAC-M) က ပြောကြားလိုက်သည်။ ထင်ရှားသော စီးပွားရေးပညာရှင် Sean Turnell ရေးသားထားသည့် စာတမ်းတိုအား ယနေ့ SAC-M မှ ထုတ်ပြန်လိုက်ပြီး မြန်မာနိုင်ငံ၏ အများပြည်သူဆိုင်ရာဘဏ္ဍာရေးအား စစ်တပ်နှင့်ကင်းကွာစေရေး လုပ်ငန်းစဉ်ကို အကြမ်းဖျင်းဖော်ပြထားသည်။ ၎င်းစာတမ်းသည် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံသစ် တည်ထောင်ရေးအတွက် ကြွယ်ဝချမ်းသာသော စီးပွားရေးတစ်ရပ်ကို တည်ဆောက်ရာတွင် မြန်မာပြည်သူများကို ကူညီထောက်ပံ့ရန် နိုင်ငံတကာ အသိုင်းအဝိုင်းက ချက်ချင်းလုပ်ဆောင်ရမည့် လုပ်ဆောင်ချက်များကိုလည်း အဆိုပြုထားသည်။

ဆယ်စုနှစ်များစွာတိုင် မြန်မာစစ်တပ်သည် နိုင်ငံ့စီးပွားရေး၏ ဗဟိုချက်တွင်ရှိသည့် ၎င်းအနေအထားကို အသုံးချ၍ ပြည်သူလူထုအပေါ် ရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်ချုပ်ချယ်မှုကို ဆက်လက်လုပ်ဆောင်ခဲ့ပြီး စစ်တပ်၏ခေါင်းဆောင်များကို တာဝန်ခံ/ယူမှုမှ အကာအကွယ်ပေးကာ ကင်းလွတ်စေခဲ့သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ အာဏာသိမ်းရန်ကြိုးပမ်းမှုအပြီး မြန်မာစစ်အုပ်စုသည် နိုင်ငံ၏ ဘဏ္ဍာရေး အပေါ် အရပ်သားအစိုးရ၏ကြီးကြပ်မှုအားလုံးကို ဖယ်ရှားခဲ့ပြီး နိုင်ငံပိုင်ငွေကြေးအဖွဲ့အစည်းများအပေါ် ၎င်း၏လွှမ်းမိုးမှုကိုတိုးချဲ့ကာ မြန်မာပြည်သူများအပေါ် အပြည့်အဝ စစ်ပွဲဆင်နွှဲနိုင်ရန် ဘေးဥပဒ် ဖြစ်စေသော ဘဏ္ဍာရေးဆိုင်ရာအစီအမံများကို ဆက်တိုက် အကောင်အထည်ဖော်ခဲ့သည်။

**“အရပ်သားပြည်သူများအပေါ် စစ်ကောင်စီ၏ ရက်စက်ကြမ်းကြုတ်သော စစ်ပွဲဆင်နွှဲနိုင်စွမ်းသည် ပြည်ပမှ လက်နက်နှင့် ရိက္ခာများ ရရှိမှုအပေါ် မူတည်နေသည်”** ဟု အစီရင်ခံစာကို ရေးသားသူနှင့် ၂၀၁၅ မှ ၂၀၂၀ ခုနှစ်အတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလက်ထက် မြန်မာနိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ စီးပွားရေးမူဝါဒအကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ Sean Turnell မှ ပြောကြားသည်။

**“နိုင်ငံပိုင်ဘဏ်များနှင့် စစ်အုပ်စု၏ ကမ္ဘာလုံးဆိုင်ရာငွေပေးငွေယူများကို လွယ်ကူချောမွေ့စေရန် အားကိုးနေရသည့် အခြားအဖွဲ့အစည်းများအပေါ် ပိတ်ဆို့အရေးယူမှုများကို တိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းသည် ဤအရေးကြီးသော အားနည်းချက်အပေါ် အရေးယူဆောင်ရွက်ရမည်။**

# Special Advisory Council for MYANMAR

**ဤအစီအမံများနှင့် အခြားရိုးရှင်းသော်လည်း ထိရောက်သောအစီအမံများသည် မြန်မာပြည်သူများအပေါ် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ရန် စစ်အုပ်စု၏စွမ်းရည်ကို အနှောင့်အယှက်ပေးရာတွင် အမှန်တကယ် အကျိုးသက်ရောက်မှု ရှိစေမည်ဖြစ်သည်”**

စစ်အုပ်စု၏ စစ်အုပ်ချုပ်ရေး အပြည့်အဝသွတ်သွင်းရန် ရက်စက်ကြမ်းကြုတ်သော ကြိုးပမ်းမှုသည် မအောင်မြင်ခဲ့ပေ။ အခက်အခဲ၊ အတားအဆီးများစွာကြားမှ ပြည်သူလူထုသည် စစ်တပ်အား အပြီးအပိုင် ဖယ်ရှားရန်အတွက် သမိုင်းဝင် လွတ်မြောက်ရေးတိုက်ပွဲအတွက် ရန်ပုံငွေရှာဖွေရန် ဆန်းသစ်ပြီး အခြေခံအလွှာဗဟိုပြုနည်းလမ်းများကို အသုံးပြုခဲ့ကြသည်။ ဤရန်ပုံငွေများသည် နိုင်ငံတဝန်းရှိ သန်းပေါင်းများစွာသော ပြည်သူများအတွက် အသက်ကယ်ထောက်ပံ့မှုများ ပေးအပ်နေသည့် မရှိမဖြစ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကွန်ရက်များကိုလည်း ထောက်ပံ့ပေးသည်။

သို့သော်လည်း စစ်ကောင်စီ၏ မရပ်မနားတိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာသော ပြည်သူလူထု၏ များပြားလှသောလိုအပ်ချက်များသည် အရင်းအမြစ်ရှားပါးနေသော မြန်မာ့ခုခံတော်လှန်ရေးအင်အားစုများ၏ ဖြေရှင်းနိုင်စွမ်းထက် များစွာ ကျော်လွန်နေသည်။ လက်ရှိ ခုခံတော်လှန်ရေးဦးဆောင်မှုဖြင့် လုပ်ဆောင်နေသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကြိုးပမ်းမှုများအတွက် ငွေကြေးအထောက်အပံ့အပါအဝင် သိသာထင်ရှားသော နိုင်ငံတကာ အထောက်အပံ့ကို အရေးတကြီး လိုအပ်နေပါသည်။

**“မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော် တန်ဖိုးရှိသောပိုင်ဆိုင်မှုများကို နယူးယောက်မြို့ရှိ ဖက်ဒရယ်အရံငွေဘဏ်တွင် ထိန်းသိမ်းထားပြီး အာဏာသိမ်းရန် စတင်ကြိုးပမ်းချိန်မှစ၍ အတိုးငွေများ စုဆောင်းနေသည်”** ဟု SAC-M ၏ အကြံပေးပုဂ္ဂိုလ် Chris Sidoti က ပြောကြားသည်။ **“ဤရန်ပုံငွေများအား မြန်မာပြည်သူများမှ ပိုင်ဆိုင်သည်။ အမေရိကန်ပြည်ထောင်စုအစိုးရသည် ဤရန်ပုံငွေများကို မြန်မာပြည်သူများ၏ တရားဝင်ကိုယ်စားလှယ်များဖြစ်သော အမျိုးသားညီညွတ်ရေးအစိုးရနှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများထံ လွှဲပြောင်းပေးသင့်သည်၊ သို့မှသာ ၎င်းတို့ကို လိုအပ်နေသော သန်းပေါင်းများစွာသော ပြည်သူများအတွက် အရေးတကြီးလိုအပ်နေသော လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအကူအညီများ ပေးအပ်ရာတွင် အသုံးပြုနိုင်မည်ဖြစ်သည်။ Sean Turnell က အမေရိကန်အစိုးရအနေဖြင့် ဤအတွက် မည်သို့ဖြစ်မြောက်အောင် လုပ်ဆောင်နိုင်ပြီး လုပ်ဆောင်ရမည်ဆိုသည့် လက်တွေ့ကျသောနည်းလမ်းအချို့ကို အဆိုပြုထားသည်”** ဟု Sidoti က ထပ်လောင်းပြောကြားသည်။

ထို့အပြင် ဤစာတမ်းသည် မြန်မာပြည်သူများ၏ စစ်တပ်ဖယ်ရှားပြီးသည့် နောက်တနေ့အတွက်လည်း မျှော်မှန်းထားသည်။ စစ်တပ်သည် နိုင်ငံ့စီးပွားရေးကို မည်သည့်အခါမျှ ထပ်မံထိန်းချုပ်ခြင်းမပြုနိုင်စေရန် မြန်မာနိုင်ငံ၏ အရပ်သားအစိုးရသစ်အနေဖြင့် လျင်မြန်စွာ လုပ်ဆောင်သင့်သည့်အချက်များအား အကြံပြုထားသည်။ စစ်တပ်ကို အရပ်သားထိန်းချုပ်မှုအောက်တွင် ထားရှိခြင်း၊ စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ခွင့်မပြုခြင်းနှင့် ၎င်း၏ ရာဇဝတ်မှုများအတွက် တာဝန်ခံမှုရှိစေရန်သေချာစေမည့် မြန်မာနိုင်ငံ၏

Special Advisory Council for

MYANMAR

ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်သည် အရေးပါလှသည်။

စီးပွားရေးမျက်နှာစာတွင်၊ ဤအဆောတလျင်ဖြစ်သည့် စစ်တပ်ပြုပြင်ပြောင်းလဲရေးကာလသည် မြန်မာစစ်တပ်၏ စီးပွားရေးလုပ်ငန်းစုကြီးများဖြစ်သော မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်တို့အား အသစ်ဖွဲ့စည်းမည့် နိုင်ငံပိုင်ရန်ပုံငွေအဖွဲ့သို့ လွှဲပြောင်းပေးခြင်းကို မြင်တွေ့ရနိုင်သည်။ ဗဟိုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးများအကြား ဒီမိုကရေစီနည်းကျသော ဘဏ္ဍာရေးမူဘောင်တစ်ခုချမှတ်ခြင်းသည် ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် ဗဟိုချုပ်ကိုင်မှုလျှော့ကျစေမည်ဖြစ်ပြီး၊ ၎င်းသည် စစ်တပ်မှ ကာလရှည်ကြာအမြတ်ထုတ်ခဲ့သည့် နည်းလမ်းများဖြင့် အာဏာစုစည်းမှုကို တားဆီးရန် မရှိမဖြစ်လိုအပ်သည်။

စီးပွားရေးသည် စစ်တပ်၏ လိုအပ်ချက်များအတွက်မဟုတ်ဘဲ မြန်မာပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည့်အနာဂတ်အတွက် အုတ်မြစ်များကို မြန်မာပြည်သူများကိုယ်တိုင် စတင်ချမှတ်နေပြီဖြစ်သည်။ ဤလုပ်ငန်းစဉ်အတွက် နိုင်ငံတကာ၏ ထောက်ခံမှုကို ယခုပင် စတင်ရမည်ဖြစ်သည်။

info@specialadvisorycouncil.org
www.specialadvisorycouncil.org
@SpecialCouncil
special-council.bsky.social